mgyae.com

# ကုလသမဂ္ဂ
# အထွေထွေအတွင်းရေးမှူးချုပ်
# ဦးသန့် နှင့်
# မြန်မာနိုင်ငံ
# ဦးသန့်အရေးအခင်းလှုပ်ရှားမှု



ကျော်သက်ဟန်

mgyae.com



ကုလသမဂ္ဂ
အထွေထွေအတွင်းရေးမှူးချုပ်

# ဦးသန့် နှင့်
# မြန်မာနိုင်ငံ

ဦးသန့်အရေးအခင်းလှုပ်ရှားမှု

ကျော်သက်ဟန်

llt0064

700.00 Ks

mgyoe.com

mgyoe.com

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဦးသန့်နှင့်မြန်မာနိုင်ငံဦးသန့်အရေးအခင်းလှုပ်ရှားမှု၊
ကျော်သက်ဟန်
စာမျက်နှာ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇ ၀ ၀ ကျပ်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်
# ဦးသန့် နှင့်
# မြန်မာနိုင်ငံဦးသန့်အရေးအခင်းလှုပ်ရှားမှု

ကျော်သက်ဟန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာစကား (က)

ပထမပိုင်း

၁။ ဦးသန့် (ကိုယ်ရေးအကျဉ်း) ၁

၂။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် ၃

(က) ငယ်စဉ်ဘဝ ၅

(ခ) ဦးသန့်၏ဝေလေ့စရိုက် ၈

(ဂ) ဥပမိရုပ်နှင့် စာပေလေ့လာပုံ ၉

(ဃ) ပြည်သူ့ဝန်ထမ်းဘဝ ၁၀

၃။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ၁၂

(က) ပထမသက်တမ်းကာလ

(ကျူးဘားဒုံးပျံအရေးအခင်းနှင့် ကွန်ဂိုစစ်ပွဲ) ၁၃

(ခ) ဒုတိယသက်တမ်းကာလ

(အာရပ်အစ္စရေးပဋိပက္ခနှင့် ဗီယက်နမ်စစ်ပွဲ) ၁၉


mgyoe.com

mgyoe.com

၄။ အထွေထွေအတွင်းရေးမှူးချုပ်၏ တာဝန်နှင့်
တစ်နေ့တာလုပ်ငန်း ၂၂
၅။ အငြိမ်းစားယူခြင်း ၂၃
၆။ ကွယ်လွန်ခြင်းနှင့် ထားရစ်ခဲ့သောအမွေ ၂၅

## ဒုတိယပိုင်း

၇။ ဦးသန့်အရေးအခင်းလှုပ်ရှားမှု ၃၁
(က) အရေးအခင်း၏နောက်ခံအကြောင်း ၃၁
(ခ) ကန့်ကွက်ဆန္ဒပြမှုများနှင့် ကြားဖြတ်ယူသွားခြင်း ၃၄
(ဂ) နှိပ်ကွပ်ဖြိုခွဲခြင်း ၃၇
၈။ ကိုယ်ရေးအချက်အလက် ၄၀
၉။ ရရှိခဲ့သော ဆုများ၊ ဂုဏ်ထူးများနှင့် အထိမ်းအမှတ်များ ၄၁

❐

mgyoe.com

mgyoe.com



# အမှာစကား

ဤစာအုပ်ငယ်တွင် အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ ပထမပိုင်းမှာ ဦးသန့်၏ဘဝဖြစ်စဉ်အကျဉ်းနှင့် ဒုတိယပိုင်းကား ဦးသန့်အရေးအခင်းဟု ခေါ်သော ဦးသန့်ဈာပနကို အကြောင်းပြု၍ မဆလ တစ်ပါတီအာဏာရှင်စနစ် ဆန့်ကျင်ရေးလူထုလှုပ်ရှားမှုကြီးအကြောင်း တစေ့တစောင်းဖြစ်ပါသည်။

တကယ်တော့ ဒီစာအုပ်ကို ရေးသားထုတ်ဝေသည့် အဓိက ရည်ရွယ်ချက်မှာ စာအုပ်၏ ဒုတိယပိုင်းဖြစ်သော မဆလ တစ်ပါတီအာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်မှုကို ဆန့်ကျင်ခဲ့ကြသော လူထုလှုပ်ရှားမှုကြီးအား နောက်လူတို့ မေ့လျော့မသွားဘဲ အမြဲထာဝရ ဆက်လက် အမှတ်ရသတိရှိနေကြစေရန် ဖြစ်ပါသည်။ ဦးသန့်အရေးအခင်း လှုပ်ရှားမှုသည် ၁၉၈၈ အရေးအခင်းကြီး မတိုင်မီ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများအနက် အကြီးဆုံးလူထုလှုပ်ရှားမှု ဖြစ်ပါသည်။ ကျောင်းသားများ သိမ်းပိုက်ထားသော ဘွဲ့နှင်းသဘင်ခန်းမကို ဗဟိုပြုသော ရန်ကုန်တက္ကသိုလ်နယ်မြေသည် ၁၉၇၄ ခု ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့ညထိ ရက်သတ္တပတ်ခန့် လွတ်မြောက်နယ်မြေပွဲတော်တစ်ခုကဲ့သို့ စည်ကားနေခဲ့သည်။ စစ်အာဏာရှင်စနစ်ကို ရွံမုန်းခဲ့ကြသည့် အစိုးရဝန်ထမ်းများ အပါအဝင်ဖြစ်သော ပြည်သူလူထုသည် အင်တိုက်အားတိုက်လာရောက်ကြပြီး ဘွဲ့နှင်းသဘင်ခန်းမပေါ်မှ ကျောင်းသားများ၏ စည်းရုံးဟောပြောချက်များကို စိတ်ပါဝင်စားစွာ

mgyoe.com

mgyoe.com



နားထောင်ကြပြီး နေ့စဉ်လည်း စိတ်အားထက်သန်စွာ လာရောက်အားပေးခဲ့ကြသည်။ မတရားဖိနှိပ်ချုပ်ချယ်မှုအောက်မှ လွတ်မြောက်လိုကြသော သာမန်အရပ်သူအရပ်သားလူထုများသည် ကျောင်းသူကျောင်းသားများအား အထူးစာနာထောက်ထားခဲ့ကြပြီး နေ့စဉ်ထမင်းထုပ်များနှင့် အခြားစားသောက်ဖွယ်ရာများကို ထုပ်ပိုး၍ အလှူပယ်ပို့ပေးခဲ့ကြသည်။ တချို့က ထမင်းထုပ် မုန့်ထုပ်များထဲ တွင် ငွေကြေးပိုက်ဆံများ၊ ထောက်ခံစာနာကြောင်း စာများ ထည့်ပေးခဲ့ကြ သည်။ အရေးအခင်းကို ခေါင်းဆောင်ခဲ့ကြသော ကျောင်းသားများသည် ပြည်သူလူထု၏စာနာထောက်ခံမှုကို အပြည့်အဝရခဲ့ကြသည်။ သို့သော်လည်း ဦးဆောင်မှုအပိုင်းမှာ ညီညွတ်မှုအားနည်းခဲ့ကြသည်။ ပါတီ၊ ဂိုဏ်းဂဏ၊ အုပ်စုအစွဲလွှမ်းမိုးခံရသည်ဟု သုံးသပ်ကြသည်။ ထုံးစံအတိုင်း မဆလသူလျှိုများကလည်း ဝင်ရောက်ခလောက်ဆန်ခဲ့သည်။ လူထုအကျိုးကို ဆောင်ရွက်လိုလျှင် မည်သည့်အချိန်တွင်မဆို ညီညွတ်ရေး အရေးကြီးပေသည်။

ဒုတိယရည်ရွယ်ချက်မှာ စာအုပ်၏ပထမပိုင်းတွင် ဖော်ပြထားသော ဦးသန့်၏ကိုယ်ရေးအတ္တုပ္ပတ္တိအကျဉ်းဖြစ်ပါသည်။ ဦးသန့်သည် ဤကမ္ဘာကြီးအား အလင်းရောင်ပေးနေခဲ့သော မီးရှူးတိုင်တစ်ခုဟု တင်စားပြောနိုင်ပါသည်။ ထိုမီးရှူးတိုင်သည် ထိုသို့အလင်းရောင်ပေးနိုင်အောင် မည်ကဲ့သို့ရပ်တည် ကျင့်ကြံ ပြုမူ ဆောင်ရွက်ခဲ့ပြီး မည်ကဲ့သို့ လှုပ်ရှားရုန်းကန်ပြုမူနေထိုင်သွားခဲ့သည်ဆိုသော အချက်ကို လူငယ်များအား အချိန်တိုအတွင်း ရိပ်မိ သိရှိစေလိုခြင်းဖြစ်ပါသည်။

ကျော်သက်ဟန်

❒

mgyoe.com

mgyoe.com

## (ပထမပိုင်း)
## ဦးသန့် (ကိုယ်ရေးအကျဉ်း)

တတိယမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်

တာဝန်ထမ်းဆောင်သောကာလ– ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာ ၃ဝ မှ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်အထိ

ရှေ့မှဆက်ခံသူ– ဒက်ဟမ္မားရှိုးလ်

နောက်မှဆက်ခံသူ– ကွတ်ဝေါလ်ဟိုင်း

"ပုဂ္ဂိုလ်ရေးအချက်အလက်များ"

မွေးသက္ကရာဇ်– ၁၉ဝ၉ ၊ ဇန်နဝါရီ ၂၂ ရက်

နေရာ– ပန်းတနော်မြို့၊ ဗြိတိသျှခေတ် မြန်မာပြည်

လူမျိုး– မြန်မာ

ကိုးကွယ်သည့်ဘာသာ– ထေရဝါဒဗုဒ္ဓဘာသာ

ဇနီး– ဒေါ်သိန်းတင်

ဖခင်– ဦးဖိုးနှစ်

မိခင်– ဒေါ်နန်းသောင်

ညီ– ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်

mgyoe.com

mgyoe.com

သား– ဦးမောင်ဘို၊ ဦးတင်မောင်သန့်

သမီး– ဒေါ်အေးအေးသန့်

မြေး– ဦးသန့်မြင့်ဦး

ကွယ်လွန်သည့်နေ့– ၁၉၇၄ နိုဝင်ဘာလ ၂၅ ရက်

နေရာ– နယူးယောက်မြို့၊ အမေရိကန်ပြည်ထောင်စု

အထိမ်းအမှတ်– ဂူဗိမာန်၊ ရွှေတိဂုံဘုရားတောင်ဘက်ခြေတော်ရင်း၊ ရန်ကုန်မြို့။

❒

mgyoe.com

mgyoe.com

# ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်

တတိယမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကို ၁၉ဝ၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ပန်းတနော်မြို့၌ မွေးဖွားခဲ့သည်။ ဦးသန့်၏ဖခင်မှာ ဦးဖိုးနှစ်၊ မိခင်မှာ ဒေါ်နန်းသောင် ဖြစ်၍ ဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်သည်။ မွေးချင်း ညီအစ်ကိုများမှာ ဦးခန့်၊ ဦးသောင်း၊ ဦးတင်မောင်တို့ ဖြစ်သည်။ ဦးသန့်၏ဇနီးမှာ ဒေါ်သိန်းတင်ဖြစ်ပြီး ဦးမောင်ဘို၊ ဦးတင်မောင်သန့်နှင့် ဒေါ်အေးအေးသန့်ဟု သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးမှာ ဦးသန့်၏မြေးဖြစ်ပြီး၊ သမီး ဒေါ်အေးအေးသန့်မှ မွေးဖွားသည်။

ဦးသန့်သည် ငယ်စဉ်က ပန်းတနော် အမျိုးသားအထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။ မြန်မာပြည်၏နိုင်ငံရေးရာသီဥတု ပြင်းထန်တင်းမာနေသောကာလတွင် သူသည် ပြင်းပြထက်သန်သော အမျိုးသားရေးဝါဒီများနှင့် ဗြိတိသျှသစ္စာတော်ခံများကြားတွင် မိမိကိုယ်ကို အလယ်အလတ်အယူအဆရှိသူအဖြစ် ရပ်တည်ခဲ့သည်။ သူသည် မြန်မာပြည်၏ ပထမဆုံးဝန်ကြီးချုပ်ဦးနုနှင့် ရင်းနှီးသော သူငယ်ချင်းမိတ်ဆွေဖြစ်ပြီး ဦးနုအစိုးရအဖွဲ့တွင် ၁၉၄၈ မှ ၁၉၆၁ ခုနှစ်အတွင်း ရာထူး

mgyoe.com

mgyoe.com

အမျိုးမျိုးတွင် အမှုထမ်းခဲ့သည်။ ဦးသန့်တွင် အေးဆေးတည်ငြိမ်၍ နှိမ့်ချတတ်သော အမူအရာ ရှိခြင်းကြောင့် မိတ်ဆွေအပေါင်းအသင်းများ၏ လေးစားခင်မင်မှုကို ရရှိခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ် လေယာဉ်ပျက်ကျ၍ ကွယ်လွန်သောအခါ ဦးသန့်အား အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့ကြသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရာထူး ပထမသက်တမ်းကာလအတွင်း ဦးသန့်သည် အမေရိကန်သမ္မတ ဂျွန်အက်ဖ် ကနေဒီနှင့် ဆိုဗီယက်ဝန်ကြီးချုပ် နီကီတာ ကရုးရှက်တို့အကြား ကျူးဘားဒုံးပျံအရေးအခင်းတွင် စေ့စပ်ညှိနှိုင်းမှု




www.worldbrary.com
mgyoe.com

m

လွယ်ကူချောမွေ့အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့စစ်ကပ်ဘေးဆိုးကြီးမှ သီသီကလေး ရှောင်လွှဲနိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဦးသန့်သည် ဂရင်းဆလမ်းစစ်ဆင်ရေးကို ညွှန်ကြားအမိန့်ပေးပြီး ကွန်ဂိုနိုင်ငံတွင် ခွဲထွက်ရေးသမားတို့၏ ပုန်ကန်သောင်းကျန်းမှုကို အဆုံးသတ်စေခဲ့သည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် သူ့အား ဒုတိယသက်တမ်းအတွက် လုံခြုံရေးကောင်စီမှ တညီတညွတ်တည်း မဲပေးထောက်ခံ၍ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့ကြသည်။ ထိုဒုတိယသက်တမ်းကာလအတွင်း ဦးသန့်သည် ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်၏အပြုအမူကို လူသိရှင်ကြားဝေဖန်ခဲ့၍ ထင်ရှားလူသိများခဲ့သည်။ အာဖရိကနှင့် အာရှတိုက်တို့မှ လွတ်လပ်ရေးရလာကြသော နိုင်ငံသစ်များအား ကုလသမဂ္ဂအတွင်း ဝင်ရောက်လာအောင်လည်း ဆောင်ရွက်ပေးခဲ့သည်။ ဦးသန့်သည် တတိယသက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ရာထူးမှ အနားယူခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဦးသန့် ကွယ်လွန်သည်။ သူသည် ဗုဒ္ဓဘာသာကို ကြည်ညိုကိုင်းရှိုင်းပြီး အပြည်ပြည်ဆိုင်ရာ စင်မြင့်ပေါ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အထင်ရှားဆုံး မြန်မာ့သံတမန် ဖြစ်သည်။ သူ့ကို မြန်မာပြည်သူလူထုက အလွန်ချစ်ခင်လေးစားကြပြီး များစွာလည်း ဂုဏ်ယူကြသည်။ စစ်အစိုးရ က သူ့အား လေးစားဂုဏ်ပြုမှု မရှိသောအခါ ရန်ကုန်မြို့သည် လူထုအုံကြွမှုများ ဖြစ်ပွားခဲ့သည်။ ယင်းအုံကြွမှုကို အစိုးရက အကြမ်းဖက်ချေမှုန်းဖြိုခွဲခဲ့၍ အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ မြန်မာပြည်တွင် ဦးသန့် အား သူ၏ဇာတိမြို့ကို ဂုဏ်ပြုလျက် ပန်းတနော်ဦးသန့်ဟု ခေါ်ကြသည်။

*

## ငယ်စဉ်ဘဝ

ဦးသန့်၏မိဘများတွင် သားလေးယောက် ထွန်းကားခဲ့သည့်အနက် ဦးသန့်မှာ အကြီးဆုံးဖြစ်သည်။ ဦးသန့်၏ ဖခင်ဦးဖိုးနှစ်မှာ ဗြိတိသျှခေတ်

mgyoe.com

mgyoe.com

က အသင့်အတင့်ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်နှင့် ဆန်စက်ကုန်သည် မိသားစုမှ မွေးဖွားခဲ့ပြီး အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် သွားရောက်ပညာသင်ကြားခဲ့သည်။ သူသည် ပန်းတနော်မြို့တွင် အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်သွယ်အလုပ်လုပ်နိုင်သည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။ မြန်မာနိုင်ငံသုတေသနအသင်းကို စတင်တည်ထောင်ရာတွင် ပါဝင်သူတစ်ဦးဖြစ်သည့်ပြင် ရန်ကုန်မြို့တွင် သူရိယသတင်းစာထုတ်ဝေခြင်းကိုလည်း ကူညီလုပ်ကိုင်ပေးခဲ့သည်။ သူ၏မိသားစုဝင်များသည် ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သော မြန်မာလူမျိုးများဖြစ်ကြသော်လည်း ဦးသန့်၏မြေးဖြစ်သူ ဦးသန့်မြင့်ဦး၏အဆိုအရ ဦးသန့်၏ဖခင်တွင် ဝေးဝေး၌ကျန်ခဲ့ပြီဖြစ်သော အိန္ဒိယနှင့် တရုတ်နှစ်ပြည်စလုံးရှိ လူများမှ ဆင်းသက်သည့် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်ဘာသာဝင် လူမျိုးစုအနွယ်အပြင် ရှမ်းနှင့် မွန်တို့မှပါ ဆင်းသက်သော ဘိုးဘေးဘီဘင် အဆက်အနွယ်ရှိခဲ့သည်ဟု ဆိုသည်။ ဦးဖိုးနှစ်သည် သူ၏သားလေးယောက်စလုံး တက္ကသိုလ်မှ ဘွဲ့အသီးသီးရရှိကြလိမ့်မည် ဟု မျှော်လင့်ခဲ့သည်။



www.google.com

mgyoe.com

ဦးသန့်မှအပ သူ၏အခြားသားများဖြစ်သော ဦးခန့်၊ ဦးသောင်းနှင့် ဦးတင်မောင်တို့မှာ နိုင်ငံရေးသမားများနှင့် စာပေသမားများ ဖြစ်ကြသည်။

ဦးဖိုးနှစ်သည် အမေရိကန်နှင့် ဗြိတိသျှစာအုပ်အမျိုးမျိုးကို စုဆောင်း၍ ကိုယ်ပိုင်စာကြည့်တိုက်တစ်ခု ဖွင့်လှစ်ထားရှိခဲ့သည်။ ထိုအကျိုးကျေးဇူးကြောင့် ဦးသန့်သည် စိတ်ထက်သန်သော စာဖတ်သူတစ်ဦးဖြစ်လာပြီး သူ၏ ကျောင်းနေဖက် သူငယ်ချင်းများက သူ့အား 'တွေးခေါ်ရှင်ကြီး' ဟု နောက်ပြောင်ကျီစယ်၍ ခေါ်ဆိုခဲ့ကြသည်။ စာဖတ်ခြင်းအပြင် သူသည် တောင်တက်ခြင်း၊ ရေကူးခြင်းနှင့် ခြင်းလုံးကစားခြင်း အပါအဝင် အားကစားအမျိုးမျိုးကိုလည်း လိုက်စားခဲ့သည်။ သူသည် ပန်းတနော် အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် အသက် ၁၁ နှစ်အရွယ်၌ ၁၉၂၀ တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်မှုမှာ ပါဝင်ခဲ့သည်။ သူသည် သတင်းစာဆရာတစ်ဦးဖြစ်လာရန် စိတ်ကူးရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကင်းထောက်လူငယ်များ မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်စောင် ရေးသားလိုက်သောအခါ မိသားစုက အံ့သြခဲ့ကြသည်။ ဦးသန့် အသက် ၁၄ နှစ်တွင် ဖခင်ဦးဖိုးနှစ် ကွယ်လွန်၍ အမွေဆက်ခံရေး အငြင်းပွားမှုတသီကြီးရင်ဆိုင်ရပြီး မိခင် ဒေါ်နန်းသောင်နှင့် သားလေးယောက်တို့မှာ ငွေကြေးအခက်အခဲကာလများနှင့် ကြုံတွေ့ခဲ့ကြရသည်။

ဖခင်ကွယ်လွန်ပြီးနောက် လေးနှစ်တက်ရမည့် ဘွဲ့သင်တန်းပြီးဆုံးအောင် တက်နိုင်တော့မည်မဟုတ်ဟု ယူဆ၍ ထိုအစား ၁၉၂၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆရာဖြစ်လက်မှတ် ၂ နှစ် သင်တန်းသို့သာ တက်ရောက်ခဲ့ရသည်။ အကြီးဆုံးသားဖြစ်သည်နှင့်အညီ သူသည် သားသမီး ဝတ္တရားများကို ဖြည့်စွမ်း၍ မိသားစုတာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေစဉ် နောင်အခါ မြန်မာနိုင်ငံဝန်ကြီးချုပ် ဖြစ်လာမည့် ဦးနုနှင့်အတူ ပါမောက္ခ ဒီ၊ ဂျီ၊ အီးဟောလ်လက်အောက်၌ သမိုင်းပညာကို လေ့လာသင်ယူခဲ့သည်။

ဦးသန့်၏မိဘနှစ်ဖက်မှ ဆွေမျိုးတော်စပ်သူများက ဦးနုအား ဦးသန့်ကို ဂရုစိုက်စောင့်ရှောက်ရန် ပြောကြားပေးကြ၍ မကြာမီ ဦးနုနှင့် ဦးသန့်တို့သည် ရင်းနှီးချစ်ခင်သော သူငယ်ချင်းများ ဖြစ်လာကြသည်။ ဦးသန့်သည်

mgyoe.com

mgyoe.com


တက္ကသိုလ်ဒဿနိကဗေဒအသင်း အတွင်းရေးမှူးအပြင် စကားစစ်ထိုးရေး အသင်း (Debating Society) အတွင်းရေးမှူးအဖြစ်ပါ ရွေးကောက်တင် မြှောက်ခံခဲ့ရသည်။ ရန်ကုန်မြို့တွင်ရှိစဉ် မြန်မာစာအုပ်အသင်းနှင့် စာအုပ် လောက (The Burma Books Club and The World of Books) မဂ္ဂဇင်းတို့ကို တည်ထောင်သူ ဂျေ၊ အက်စ်၊ ဖာနီဗယ်နှင့် တွေ့ဆုံခဲ့သည်။ ဦးသန့်သည် ယင်းစာအုပ်လောကမဂ္ဂဇင်းတွင် မှန်မှန်ဝင်ရောက် ရေးသား ခဲ့သည်။ ဖာနီဗယ်က ရာထူးကောင်းကောင်းတစ်နေရာကို ရရှိစေမည်ဟု ကတိပြုလျက် ဦးသန့်အား လေးနှစ်တက္ကသိုလ်သင်တန်းကို ပြီးဆုံးအောင် တက်ရောက်၍ ပြည်သူ့ဝန်ထမ်း ဝင်ရောက်လုပ်ကိုင်ရန် တိုက်တွန်းသော် လည်း ဦးသန့်က ငြင်းပယ်ခဲ့သည်။ ဆရာဖြစ်လက်မှတ်ရရှိပြီးနောက် သူသည် ပန်းတနော်သို့ ပြန်သွားပြီးလျှင် ၁၉၂၈ ခုနှစ်တွင် ပန်းတနော်မြို့ အမျိုးသား အထက်တန်းကျောင်း၌ အထက်တန်းပြဆရာအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ သူသည် မစ္စတာ ဖာနီဗယ်နှင့် ဦးနုတို့ကို အမြဲတမ်း အဆက် အသွယ်လုပ်၍ ဆောင်းပါးများကို မှန်မှန်ရေးသားခဲ့သည့်အပြင် စာအုပ် လောက ဘာသာပြန်ပြိုင်ပွဲများတွင်လည်း ပါဝင်ခဲ့သည်။

*

**ဦးသန့်၏ဝလေ့စရိုက်**

ဦးသန့်သည် တက္ကသိုလ်၌ ပညာသင်ယူနေစဉ်မှာပင် ဒေါ်သိန်းတင် နှင့် အိမ်ထောင်ကျခဲ့သည်။ အသက် ၂၀ အရွယ်တွင် တက္ကသိုလ်မှထွက်၍ ဆရာလုပ်ရင်း ညီများကိုထောက်ပံ့၍ ပညာသင်ပေးခဲ့သည်။ ၁၉၆၄ ခု ဇန်နဝါရီလ ၂၂ ရက်တွင် အသက် ၅၃ နှစ်ရှိချိန်၌ ဦးသန့်သည် အရပ် ၅ ပေ ၇ လက်မရှိ၍ ကိုယ်အလေးချိန် ၁၅၄ ပေါင် ရှိသည်။ မူးယစ်စေတတ် သော အဖျော်ယမကာကို သောက်သုံးလေ့မရှိသော်လည်း မြန်မာဆေးပြင်း လိပ်ကိုမူ တစ်နေ့လျှင် ၁၄ လိပ်မှ ၁၅ လိပ်ခန့်ကုန်အောင်သောက်နိုင်သည် ဟု ဆိုသည်။ သူသည် ငယ်စဉ်ကပင် စာပေ၌ မွေ့လျော်ခဲ့၍ လူငယ်ဘဝက ပင် အားလပ်သည်နှင့် အင်္ဂလိပ်စာကြီးပေကြီးများကို ဖတ်ရှုခဲ့သည်။ ဆိုရှယ် လစ်ဝါဒကို သဘောကျကာ အသက် ၂၀ မတိုင်မီ မြန်မာနိုင်ငံ၏ပထမဆုံး

mgyoe.com

mgyoe.com


"ဗြိတိသျှလက်ဝဲစာပေကလပ်" ၏ အသင်းဝင်ဖြစ်ခဲ့သည်။ တင်းနစ်ရိုက်ခြင်း၊ ရေကူးခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတို့ကို ဝါသနာပါသော်လည်း နယူးယောက်တွင် နေစဉ်အလုပ်များ၍ ထိုဝါသနာလုပ်ငန်းများကို မှန်မှန်မပြုလုပ်နိုင်ခဲ့။ သို့သော် သတင်းစာအစောင် ၂၀ ကိုမူ ငွေပေး၍မှာယူဖတ်ရှုသည်။

*

## ဥပမိရုပ်နှင့် စာပေလေ့လာပုံ

ဦးသန့်သည် ဥပမိရုပ်အားဖြင့်လည်းကောင်း၊ ဣန္ဒြေအားဖြင့်လည်းကောင်း၊ အမူအရာအားဖြင့်လည်းကောင်း အလွန်တရာသိုက်မြိုက်တင့်တယ်၍ သိမ်မွေ့ညက်ညောသော အသွင်သဏ္ဍာန်ရှိသူတစ်ယောက် ဖြစ်သည်။ ပြင်ပအသွင်တင့်တယ်သလောက် အတွင်းစိတ်ခံမှာလည်း ခေသူတစ်ယောက်မဟုတ်ပေ။ လောကီဘက်ဆိုင်ရာ ဗဟုသုတနှင့်ပတ်သက်၍ တကယ်ဆည်းပူးထားပြီး တကယ်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၏။

ဦးသန့်၏တကယ်အံ့သြလောက်သော အရည်အချင်းတစ်ခုမှာ မှတ်ဉာဏ်ကောင်းပုံရခြင်းပင် ဖြစ်သည်။ စာဖတ်သည့်အခါ သူ့လောက်စာအုပ်များများ ဖတ်ဖူးသူကား ရှားပေလိမ့်မည်။ မည်သည့်အကြောင်းအရာကိုဆွေးနွေးသည်ဖြစ်စေ၊ မည်သည့်စာအုပ်က မည်ကဲ့သို့ ဖြစ်သည်ဟု ကောက်ကာငင်ကာ ကိုးကားပြောဆိုနိုင်၏။ စာအုပ်များကို ဖတ်ဖူးသည်ဆိုရုံမဟုတ်။ စကားပြောရာ၌ အကြောင်းတိုက်ဆိုင်လျှင် ဖြုန်းခနဲဒိုင်းခနဲ မှတ်ဉာဏ်တွင် ပေါ်လာနိုင်သော အရည်အချင်းကား အလွန်အရေးကြီးသည်။ ဦးသန့်ကား ထိုအရည်အချင်းနှင့် ကောင်းကောင်းကြီး ပြည့်စုံသူဖြစ်လေသည်။

ဦးသန့်ကား လောက၌ ကြီးပွားဖို့ ရည်မှန်းချက် (ambition) မြင့်မြင့်ရှိသူတစ်ယောက်ဖြစ်ပုံရသည်။ ထိုသို့ကြီးပွားအောင် မည်ကဲ့သို့ပြုလုပ်ရမည်ဟူသော အခွင့်ကောင်းကို စောင့်လျက်ရှိခဲ့သည်။ မည်ကဲ့သို့အနေအထိုင်မျိုးရှိပါမှ လူကဲ့ရဲ့လွတ်မည်။ သိက္ခာရှိမည်၊ ကြီးပွားရေးအတွက် အထောက်အပံ့ဖြစ်မည် စသည်တို့ကို ဂဏန်းတွက်သလို တွက်ချက်ပြီးမှ မျဉ်းကြောင်းသားပြီးလျှင် ၎င်းမျဉ်းကြောင်းအတိုင်း တည့်တည့်မတ်မတ် လျှောက်ဖို့ ကြိုးစားသူတစ်ယောက်ဖြစ်သည်ဟု ယူဆရလေသည်ဟု ၁၉၅၇ ခုနှစ်က သွေးသောက်

mgyoe.com

mgyoe.com


မဂ္ဂဇင်းတွင် ရေးခဲ့သော ရှေ့ဉဒေါင်း၏ "စည်သူဦးသန့်နှင့်ကျွန်ုပ်" ဆောင်းပါးတွင် ဖော်ပြခဲ့သည်။

*

## ပြည်သူ့ဝန်ထမ်းဘဝ

၁၉၃၁ ခုနှစ်တွင် ဦးသန့်သည် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဆရာဖြစ်စာမေးပွဲတွင် ပထမနေရာကို ရခဲ့၍ အသက် ၂၅ နှစ်တွင်ပင် ကျောင်းအုပ်ဆရာကြီးဖြစ်လာခဲ့သည်။ ဦးသန့်၏တိုက်တွန်းချက်ဖြင့် သူ၏မိတ်ဆွေ ဦးနုမှာလည်း ဒေသန္တရကျောင်းစစ်ဆေးရေးအရာရှိ ရာထူးတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဦးသန့်သည် သီလဝကလောင်အမည်ဖြင့် သတင်းစာနှင့်မဂ္ဂဇင်းအများအပြားတွင် မှန်မှန်ရေးသားခဲ့သည်။ 'နိုင်ငံပေါင်းချုပ် အသင်းကြီး' နှင့်ပတ်သက်သော စာအုပ်တစ်အုပ်အပါအဝင် စာအုပ်အများအပြားကိုလည်း ဘာသာပြန်ခဲ့သည်။ သူ့ကို အဓိက ဩဇာလွှမ်းမိုးသူများမှာ ဆာစတက်ဖို့ခရစ်၊ ဆွန်ယက်ဆင်နှင့် မဟတ္တမဂန္ဒီ တို့ဖြစ်သည်။ မြန်မာ့နိုင်ငံရေး ရာသီဥတု ပြင်းထန်သော ကာလအတွင်း ဦးသန့်သည် ထက်သန်သော အမျိုးသားရေးဝါဒီများနှင့် ဗြိတိသျှသစ္စာခံများကြားတွင် အလယ်အလတ်နေရာမှ ရပ်တည်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အတွင်း ဂျပန်က မြန်မာပြည်ကို သိမ်းပိုက်ထားခဲ့သည်။ ထိုကာလတွင် ဂျပန်တို့က ဦးသန့်ကို ရန်ကုန်သို့ ခေါ်ယူပြီး ပညာရေး ပြန်လည်ဖွဲ့စည်းမှုကော်မတီ (the Educational Reorganizing Committee) ကို ဦးဆောင်စေခဲ့သည်။ သို့သော်လည်း ဦးသန့်တွင် ဘာလုပ်ပိုင်ခွင့်မှ အမှန်တကယ်မရှိ၍ သူသည် ပန်းတနော်သို့ ပြန်လာခဲ့သည်။ ဂျပန်တို့က ပန်းတနော်အထက်တန်းကျောင်းများတွင် ဂျပန်ဘာသာကို မသင်မနေရ အမိန့်ထုတ်သောအခါ ဦးသန့်သည် ထိုအမိန့်ကို အာခံ၍ ကြီးထွားလာသော ဂျပန်ခုခံဆန့်ကျင်ရေး အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရခဲ့သည်။ ဦးနုသည် လွတ်လပ်သော မြန်မာနိုင်ငံသစ်၏ ဝန်ကြီးချုပ်ဖြစ်လာ

mgyoe.com

ရာ ဦးသန့်အား ၁၉၄၈ ခုနှစ်တွင်ပင် အသံလွှင့်လုပ်ငန်း ညွှန်ကြားရေးမှူး အဖြစ် ခန့်အပ်ခဲ့သည်။ ထိုအချိန်တွင် ပြည်တွင်းစစ်ဖြစ်ပွားလာပြီး ကရင်သူပုန်ထကြွမှုလည်း စတင်လာခဲ့သည်။ ဦးသန့်သည် အသက်စွန့်၍ ကရင်စခန်းများသို့ သွားရောက်ကာ ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးခဲ့သည်။ သို့သော်လည်း ယင်းဆွေးနွေးစေ့စပ်မှုများ ရပ်ဆိုင်းသွားပြီး ၁၉၄၉ ခုနှစ်တွင် ရှေ့သို့တက်လာကြသော သူပုန်များက သူ၏ဇာတိမြို့ ပန်းတနော်ကို မီးရှို့ရာ သူ၏အိမ်လည်း မီးလောင်ရာတွင် ပါသွားခဲ့သည်။ သူပုန်များသည် ရှေ့သို့တိုးလာရာ ရန်ကုန်မြို့တော်နှင့် ၄ မိုင် အကွာအဝေးအတွင်းသို့ ရောက်ရှိလာသည်။ ထို့နောက်မှ ပြန်လည်တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ နောက်နှစ်တွင် ဦးသန့်အား ပြန်ကြားရေးဝန်ကြီးဌာနတွင် အစိုးရအဖွဲ့အတွင်းရေးမှူး ခန့်အပ်တာဝန်ပေးခံရသည်။ ၁၉၅၁ မှ ၁၉၅၇ ထိ ဦးသန့်သည် ဝန်ကြီးချုပ်၏အတွင်းရေး အတွင်းဝန်အဖြစ် ဦးနုပြောမည့်မိန့်ခွန်းများကို ရေးသားပေးခြင်း၊ နိုင်ငံခြားခရီးများကို စီစဉ်ပေးခြင်းနှင့် ပြည်ပနိုင်ငံများမှ ဧည့်သည်များအား တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဤကာလတစ်ခုလုံးတွင် သူသည် ဦးနု၏အရင်းချာဆုံး ယုံကြည်စိတ်ချရသူနှင့် အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့လေသည်။

ဦးသန့်သည် အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်အများအပြားတွင်လည်း ပါဝင်ခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုကို မွေးဖွားပေးခဲ့သော အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ၁၉၅၅ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ် အာရှ–အာဖရိက ထိပ်သီးအစည်းအဝေး၏အတွင်းရေးမှူးလည်း ဖြစ်ခဲ့သည်။ ၁၉၅၇ မှ ၁၉၆၁ ခုနှစ်အထိ သူသည် ကုလသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမြဲတမ်းကိုယ်စားလှယ်ဖြစ်ပြီးလျှင် အယ်လ်ဂျီးရီးယားနိုင်ငံ လွတ်လပ်ရေးအတွက် စေ့စပ်ဆွေးနွေးမှုများတွင် တက်ကြွစွာ ပါဝင်လာခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဦးသန့်အား ကုလသမဂ္ဂကွန်ဂိုကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် အမည်တင်သွင်းခဲ့ရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ပြည်ထောင်စုစည်သူအမိန့်အရ အုပ်ချုပ်သူကွန်မန်ဒါတစ်ဦးအဖြစ် 'မဟာသရေစည်သူ' ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့သည်။


*

mgyoe.com

mgyoe.com

## ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်

၁၉၆၁ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်သည် ကွန်ဂိုနိုင်ငံသို့အသွား လမ်းခရီးတွင် လေယာဉ်ပျက်ကျ၍ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ လုံခြုံရေးကောင်စီသည် အထွေထွေအတွင်းရေးမှူး သစ်တစ်ဦးကို အလျင်စလို ရှာဖွေခဲ့သည်။ သို့သော်လည်း နောက်သီတင်းပတ် အနည်းငယ်ကြာအောင်ပင် ထိုကိစ္စမှာ သောင်မတင်ရေမကျ ဖြစ်နေခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတို့သည် အခြားသော အဖွဲ့ဝင်နိုင်ငံများမှ အဆိုပြုတင်သွင်းသော အထွေထွေအတွင်းရေးမှူးလောင်းကို သဘောမတူနိုင်ဘဲ ရှိကြသည်။ ဒက်ဟမ္မားရှိုးလ်၏ မကုန်ဆုံးသေးသော သက်တမ်းတာဝန်ကို ထမ်းဆောင်ရန် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့



www.worldbrary.com

mgyoe.com

mgyoe.com


တို့မှ ဦးသန့်အား အဆိုပြုသောအခါတွင်မူ မဟာအင်အားကြီးနိုင်ငံများက လိုက်လျောအလျှော့ပေးခဲ့ကြသည်။ ၁၉၆၁ ခု၊ နိုဝင်ဘာလ ၃ ရက်တွင် ဦးသန့်အား ခေတ္တ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် ၁၆၈ အရ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် တညီတညွတ်တည်း သဘောတူခန့်အပ်ခဲ့ကြသည်။

၁၉၆၂ ခု၊ နိုဝင်ဘာလ ၃၀ ရက်တွင် အထွေထွေညီလာခံမှ သူ့အား ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့ ကုန်ဆုံးမည့် တာဝန်သက်တမ်းအတွက် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တညီတညွတ်တည်း ခန့်အပ်ခဲ့ကြသည်။ ပထမသက်တမ်းကာလအတွင်းမှာပင် သူသည် ကျူးဘားဒုံးပျံအရေးအခင်း အကျပ်အတည်းအား ဖြေရှင်းပေးနိုင်ခြင်းနှင့် ကွန်ဂိုပြည်တွင်းစစ်ကို အဆုံးသတ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းအတွက် သူ၏အခန်းနေရာအပေါ် ယုံကြည်မှုရှိကြောင်း လက်ခံခဲ့ကြသည်။ ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်စဉ်အတွင်း အဓိကအင်အားကြီး နှစ်နိုင်ငံကြား တင်းမာမှုများကို ဖြေလျော့သွားအောင် ဆောင်ရွက်လိုသည်ဟူ၍လည်း သူက ပြောကြားခဲ့သည်။

*

ပထမသက်တမ်းကာလ (ကျူးဘားဒုံးပျံအရေးအခင်းနှင့် ကွန်ဂိုစစ်ပွဲ)

*အလွန်အရေးကြီးသော သေရေးရှင်ရေးအချိန်တစ်ချိန်ပင် ဖြစ်သည်။ အဏုမြူအင်အားကြီးနိုင်ငံများသည် ရင်ဆိုင်တိုက်မိကြမည့် လမ်းကြောင်းတစ်ခုပေါ်တွင် ရောက်နေကြပြီဟု ထင်ရသည်။ ကျူးဘားနိုင်ငံသို့ ဦးတည်သွားနေသော ဆိုဗီယက်သင်္ဘောများနှင့် ကျွန်ုပ်တို့ (အမေရိကန်) ရေတပ်က ကြားဖြတ်ဝင်ရောက်တိုက်ခိုက်မည့်အရေးအား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကြားဝင်ဆောင်ရွက်မှုက လမ်းလွှဲပေးခဲ့သည်။ ဤ အချက်သည် ကျူးဘားအကျပ်အတည်းအား ငြိမ်းချမ်းစွာ ဖြေရှင်းပေးရေးအတွက် ဆုံးဖြတ်ချက်ချရာတွင် မရှိမဖြစ်လိုအပ်သော ပထမအဆင့် ဆောင်ရွက်မှုဖြစ်သည်။*

*အက်ဒလေ စတီဗင်ဆင်*

mgyoe.com

mgyoe.com

*အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ ၈၈ ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေး၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၁၃ ရက်*

ဦးသန့်သည် ကုလသမဂ္ဂဌာနချုပ်သို့ ရောက်ရှိလာစဉ် သမ္မတ ဂျွန်အက်ဖ် ကနေဒီအား လက်ဆွဲနှုတ်ဆက်သည်။ ရာထူးတာဝန်ထမ်းဆောင်၍ တစ်နှစ်ပင် မပြည့်သေးသောအချိန်တွင် ဦးသန့်သည် ကမ္ဘာကြီး အဏုမြူစစ်ပွဲနှင့် အနီးကပ်ဆုံးအနေအထားသို့ ရောက်ရှိလာသည့် ကျူးဘားဒုံးပျံအရေးအခင်းအား တင်းမာမှု လျော့ကျသွားအောင် ဆောင်ရွက်ရန် အလွန်အရေးကြီးသော စိန်ခေါ်မှုနှင့် တွေ့ကြုံခဲ့ရသည်။

၁၉၆၂ ခု၊ အောက်တိုဘာ ၂၀ ရက်တွင် အမေရိကန်သမ္မတ ဂျွန်အက်ဖ် ကနေဒီက ကျူးဘားတွင် ဆိုဗီယက်ဒုံးပျံလက်နက်များ တပ်ဆင်ထားသည့် သတင်းဓာတ်ပုံများကို ယူတူးကင်းထောက်လေယာဉ်မှ ရိုက်ယူ၍ ဦးသန့်အား ပြသပြီး နှစ်ရက်အကြာတွင် ထိုသတင်းကို ကမ္ဘာသို့ ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက်တွင် သမ္မတက ကျူးဘားနိုင်ငံသို့ ဦးတည်ခုတ်မောင်းလာနေသော ဆိုဗီယက်သင်္ဘောများမှ ထိုးစစ်လက်နက်များအားလုံးကို ဖယ်ရှားပစ်ရန် ရေတပ်ပိတ်ဆို့မှု အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထိုအချိန် ဆိုဗီယက်သင်္ဘောများသည် ပိတ်ဆို့ရေးဇုံသို့ ချဉ်းကပ်လာနေပြီ ဖြစ်သည်။ ရေတပ်ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်လွှဲရန် ဦးသန့်က အဆိုပြုချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ ထိုအဆိုပြုချက်အရ အမေရိကန်က ကျူးကျော်တိုက်ခိုက်မှု မပြုပါဘူးဟု အာမခံချက်ပြုရမည်။ အပြန်အလှန်အားဖြင့် ဆိုဗီယက်ပြည်ထောင်စုက ဒုံးပျံလက်နက်များကို ရုပ်သိမ်းပေးရမည်။ ဆိုဗီယက်ဝန်ကြီးချုပ်ကရုရှက်က အဆိုပြုချက်ကို ကြိုဆို၍ ယင်းအဆိုပြုချက်သည် နောက်ထပ်စေ့စပ်ညှိနှိုင်းမှုအတွက် အခြေခံဖြစ်လာခဲ့သည်။ ကရုရှက်က စေ့စပ်ညှိနှိုင်းမှုများပြုလုပ်စဉ် ဒုံးပျံလက်နက်များ သယ်ဆောင်လာခြင်းကို ရပ်ဆိုင်းရန် ထပ်မံ၍ သဘောတူခဲ့သည်။

သို့ရာတွင် ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် ကျူးဘားနိုင်ငံအပေါ် ပျံသန်းလာသည့် ယူတူးကင်းထောက်လေယာဉ်တစ်စင်း ပစ်ချခံရ၍ အကျပ်အတည်းမှာ နက်ရှိုင်းသွားခဲ့သည်။ စစ်ဦးစီးအဖွဲ့၏ စစ်ဦးစီးချုပ်များ

mgyoe.com

mgyoe.com




နှင့် အမှုဆောင်ကော်မတီတို့က သမ္မတကနေဒီအား ကျူးဘားနိုင်ငံကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်ရန် ပြင်းထန်စွာ ဖိအားပေးကြသည်။ ကနေဒီက ဦးသန့်သည် ကြားဝင်ဖျန်ဖြေပေးသူအဖြစ် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပြီးနောက် အမှုဆောင်ကော်မတီနှင့် ပူးတွဲစစ်ဦးစီးများထံ "ကျွန်တော်တို့မှာ တစ်ဖက်တွင် ဦးသန့်ရှိနေပါတယ်၊ သဆော်ဘာတစ်စင်းကိုပင်

mgyoe.com